**မြန်မာနိုင်ငံ ဌာနေတိုင်းရင်းသားများကွန်ရက်**

# မြန်မာနိုင်ငံဌာနေ
# တိုင်းရင်းသားများကွန်ရက်၏
# ဖွဲ့စည်းပုံ၊ တာဝန်နှင့်
# လုပ်ပိုင်ခွင့်များ


**မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်**

ရုံးဖုန်း / ၀၉ -၂၆၂၆၄၅၄၇၄၊ ၀၉ - ၄၄၂၃၄၄၉၀၅

ဖေ့(စ်)ဘွတ်လိပ်စာ / Myanmar IPs/EN Network

အီးမေးလ် / ipen.myanmar@gmail.com

# မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်၏လမ်းညွှန်ချက်များ

## မာတိကာ


| | | |
|---|---|---|
| ၀၁။ | မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း | ……… ၂ |
| ၀၂။ | မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်ဆိုသည်မှာ | ……… ၃ |
| ၀၃။ | ကွန်ရက်ပ်တို့၏ ရည်မှန်းချက် | ……… ၃ |
| ၀၄။ | ကွန်ရက်ပ်တို့၏ လမ်းစဉ် | ……… ၄ |
| ၀၅။ | ကွန်ရက်ပ်တို့၏ စံတန်းဖိုးထားချက်များ | ……… ၄ |
| ၀၆။ | ကွန်ရက်ပ်တို့၏ ရည်ရွယ်ချက် | ……… ၅ |
| ၀၇။ | ကွန်ရက်၏ အခြေခံမူများ | ……… ၆ |
| ၀၈။ | ကွန်ရက်၏ စည်းမျဉ်းစည်းကမ်းများ | ……… ၇ |
| ၀၉။ | ကွန်ရက်၏ ဖွဲ့စည်းပုံ | ……… ၈ |
| ၁၀။ | မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက် အဖွဲ့ဝင်အဖြစ်လျှောက်ထားခြင်း | ……… ၈ |
| ၁၁။ | ကွန်ရက်ဦးဆောင်အဖွဲ့ | ……… ၁၂ |
| ၁၂။ | ကွန်ရက်အလုပ်အမှုဆောင်ကော်မတီ | ……… ၁၃ |
| ၁၃။ | ညှိနှိုင်းရေးအဖွဲ့၏ အလုပ်တာဝန်များ | ……… ၁၄ |
| ၁၄။ | ကွန်ရက်၏ ဆက်သွယ်ရေးလမ်းညွှန်ချက်များ | ……… ၁၅ |
| ၁၅။ | အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ အခြေခံမူများ | ……… ၁၆ |
| ၁၆။ | ကွန်ရက်အတွက် ကိုယ်စားလှယ်ရွေးချယ်ခြင်း | ……… ၁၇ |

# နိဒါန်း

ကျွန်ုပ်တို့လူသားများအတွက် အဓိကကျသော အခြေခံအခွင့်အရေးများမှာ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ တွေးခေါ်ယုံကြည်ကိုးကွယ်ခွင့်၊ တောင့်တခြင်း၊ ကြောက်ရွံ့ခြင်းမှ ကင်းလွတ်ခွင့်တို့ဖြစ်သည်။ အချို့သော ကမ္ဘာ့လူသားများသည် တစ်နည်းနည်းဖြင့် ထိုအခွင့်အရေးများချိုးဖောက် ခံနေကြရသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂမှ ၁၉၄၈ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ထိုစာတမ်းတွင် ကမ္ဘာ့ဌာနေတိုင်းရင်းသား လူမျိုးစုများ အတွက် သီးသန့်ပါဝင်ခြင်းမရှိပေ။

ကမ္ဘာ့နိုင်ငံများထဲမှ နိုင်ငံပေါင်း(၉၀)ရှိ လူဦးရေသန်းပေါင်း (၃၇၀)ခန့်ရှိသော ဌာနေတိုင်းရင်းသားများသည် ကမ္ဘာ့အဆင်းရဲဆုံး (၁၅)ရာခိုင်နှုန်းထဲတွင် ပါဝင်သော လူမျိုးစုများဖြစ်ကြသည်။ ထိုဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ ရပ်တည်မှု၊ ဓလေ့ထုံးတမ်း၊ မြေယာပိုင်နက်နှင့် သဘာဝသယံဇာတများ ချိုးဖောက်ခံနေကြရသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂမှ ၂၀၀၇ ခုနှစ်တွင် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးဆိုင်ရာကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားတို့သည် ရှေးမဆွကပင် ရောက်ရှိနေထိုင်ကြသော လူမျိုးစုများပင်ဖြစ်သည်။ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ဘုရင်ဖြင့်လည်းကောင်း၊ ‘ဒူဝါး၊ စော်ဘွား၊ ရမ်အုပ်၊ စောဖျာ၊ စော်ကဲစသည့် ကိုယ့်လူမျိုးစု ခေါင်းဆောင်များ၏ လက်အောက်တွင် အေးချမ်းလွတ်လပ်စွာ နေထိုင်ကြသူများဖြစ်ကြသည်။ သို့သော်လည်း ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တို့၏ သိမ်းပိုက်အုပ်ချုပ် ဖိနှိပ်မှုများကြောင့် လွတ်လပ်ခွင့်များဆုံးရှုံးပြီး လူမှုဘဝအဖက်ဖက်မှ နိမ့်ကျခဲ့ကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံနယ်မြေ၏ ၆၀ရာခိုင်နှုန်းတွင် နေထိုင်လျှက်ရှိသော ၄၀ရာခိုင်နှုန်းသော မြန်မာ့ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ယက်ကို ဖွဲ့စည်းရခြင်းဖြစ်ပါသည်။

## ၁

# မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း

ဌာနေတိုင်းရင်းသားများ အများဆုံးနေထိုင်သည့် ဒေသခံများမှ အခြေအနေများကို တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် တိုင်းရင်းသားများကြုံတွေ့ကြရသည့် အခက်အခဲများ၊ ပြဿနာများ၊ ဆန္ဒများကို ကွဲပြားခြားနားသော ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူမျိုးစုတို့၏ ဘုံတူညီချက်များကို ရှာဖွေဖော်ထုတ်ခြင်းများ စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၄ခုနှစ် မတ်လ(၁၇-၁၉)ရက်နေ့တွင် " မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဆန္ဒသံကိုမြှင့်တင်ခြင်း " ခေါင်းစဉ်ဖြင့် (၃)ရက်တာတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်မျက်မမြင်ကျောင်းတွင်ကျင်းပခဲ့ပါသည်။ ထိုမှတစ်ဆင့် ကွန်ရက်ချိတ်ဆက်မှုများ ပိုမိုအားကောင်းလာပြီး ပိုမိုချိတ်ဆက်လုပ်ဆောင်နိုင်ရန်အတွက် " **မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်** "ကို ဖော်ဆောင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက် လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ကို အရပ်ဖက်လူမှုအဖွဲ့အစည်း(၁၅)ဖွဲ့တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ အာဆီယံဒေသအတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ အရေးအရာများကို မြှင့်တင်ပေးရန်ရည်ရွယ်လျက် ၂၀၁၄ ခုနှစ် မတ်လ(၂၀)ရက်နေ့၌ အာဆီယံဒေသအတွင်းရှိ ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်အဖွဲ့ဝင်များ တွေ့ဆုံကာ နိုင်ငံအဆင့်၊ အာဆီယံဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် ဌာနေတိုင်းရင်းသားတို့၏ အခက်အခဲပြဿနာများကို တင်ပြခြင်းနှင့် အတွေ့အကြုံဖလှယ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

၂၀၁၄ ခုနှစ် မတ်လ(၂၁-၂၃)ရက်နေ့တွင် ရန်ကုန်မြို့ **Myanmar Convention Center(MCC)**၌ ကျင်းပခဲ့သော အာဆီယံလူထုဖိုရမ်သို့ မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။ ဌာနေတိုင်းရင်းသားများ၏ အခြေအနေအရပ်ရပ်အား အာဆီယံခေါင်းဆောင်များအနေဖြင့် အသိအမှတ်ပြု မြှင့်တင်ပေးရန် ပါဝင်ခဲ့ခြင်းဖြစ်သည်။ " အာဆီယံတွင်ရှိသော ဌာနေတိုင်းရင်းသားများအခြေအနေ " ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးနိုင်ခဲ့သည်။ ကွန်ရက်၏ လုပ်

ငန်းဖော်ဆောင်ရေးအဖွဲ့ကို စနစ်တကျလည်ပတ်နိုင်ရန် ၂၀၁၄ခုနှစ် ဩဂုတ်လ(၈) ရက်နေ့တွင် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ(၉)ရက်နေ့၌ ရန်ကုန်မြို့၊ ယုဒသန်ရိပ်သာတွင် အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့သည်။

## ၂

## မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်ဆိုသည်မှာ

မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်သည် မြန်မာနိုင်ငံအတွင်းတွင် နေထိုင်နေကြသော ဌာနေတိုင်းရင်းသားများ ကြုံတွေ့ကြရသည့် အခက်အခဲများ၊ ပြဿနာများ၊ ကွဲပြားခြားနားသော ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူမျိုးစုတို့၏ ဘုံတူညီချက်များကို ရှာဖွေဖော်ထုတ်၍ ဌာနေတိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပိုင်ခွင့်နှင့် အခွင့်အရေးများကို တောင်းဆိုကာ ဌာနေတိုင်းရင်းသားလူမျိုးများ တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၄ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဌာနေတိုင်းရင်းသား ကွန်ရက်တစ်ခုဖြစ်သည်။

## ၃

## ကျွန်ုပ်တို့၏ရည်မှန်းချက်

“ ဌာနေတိုင်းရင်းသားများသည် တန်းတူညီမျှသော အခွင့်အရေး၊ အခွင့်အလမ်းများဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များ ကဏ္ဍတိုင်းတွင်ပါဝင်နိုင်ရန် ”

## ၄

## ကျွန်ုပ်တို့၏ လမ်းစဉ်

အသိအမြင်ဖွင့်ခြင်း၊ ဆန္ဒအသံကိုဖော်ထုတ်ခြင်း၊ ဘုံတူညီသော အရေးကိစ္စများကို ဆောင်ရွက်ခြင်းဖြင့် မူဝါဒရေးရာများတွင် ဌာနေတိုင်းရင်းသားများ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ဌာနေတိုင်းရင်းသားများအတူလက်တွဲ၍ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့်တွင် အကောင်အထည်ဖော်ဆောင်ပါမည်။

## ၅

## ကျွန်ုပ်တို့၏စံတန်းဖိုးထားချက်များ

ကျွန်ုပ်တို့ မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်သည် မိမိတို့စံတန်ဖိုးထားချက်(၇)ရပ်အပေါ် တူညီသောနားလည်မှုထားရှိလျက် အတူတကွလက်တွဲဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ တန်ဖိုးထားချက်များသည် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်၏ လုပ်ငန်းဆောင်ရွက်မှုများကို သတ်မှတ်ပြဋ္ဌာန်းပေးသည့် အခြေခံလမ်းစဉ်ပင်ဖြစ်ပါသည်။

(က) အဖွဲ့အစည်းဖြစ်စေ၊ အစုအဖွဲ့ကိုယ်စားပြုမှုဖြစ်စေ ပါဝင်ချိတ်ဆက်နိုင်သည်။
(ခ) မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်ကို အဖွဲ့အစည်းများ၊ အခြားသောသူများ လွှမ်းမိုးချုပ်ကိုင်အလွဲသုံးစားမပြုရန် အလေးအနက်ထားသည်။
(ဂ) ကွန်ရက်တည်တံ့ခိုင်မြဲရန် အဖွဲ့ဝင်အချင်းချင်းအပြန်အလှန်လေးစား

မှု၊ တန်ဖိုးထားမှုနှင့် ပွင့်လင်းမြင်သာမှုကိုအလေးထားသည်။

(ဃ) ဌာနေတိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုကို ပံ့ပိုးရန် ရည်ရွယ်သည်။

(င) ဌာနေတိုင်းရင်းသားများအကြား မတူညီကွဲပြားမှုများကို အသိအမှတ်ပြု လေးစားလိုက်နာသည်။

(စ) ဌာနေတိုင်းရင်းသားရေးရာနှင့် ရပိုင်ခွင့်များကို မီးမောင်းထိုး မြှင့်တင်ပေးသော ကွန်ယက်ဖြစ်သည်။

(ဆ) ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အခွင့်အရေးမြှင့်တင်ခြင်းကို အသိအမှတ်ပြု လေးစားလိုက်နာသည်။

## ၆

## ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့ မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်သည် မိမိတို့စံတန်ဖိုးထားချက် (၇)ရပ်အပေါ် တူညီသောနားလည်မှုထားရှိလျက် အတူတကွလက်တွဲဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါတန်ဖိုးထားချက်များသည် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်၏ လုပ်ငန်းဆောင်ရွက်မှုများကို သတ်မှတ်ပြဋ္ဌာန်းပေးသည့် အခြေခံလမ်းစဉ်ပင်ဖြစ်ပါသည်။

(က) ဌာနေတိုင်းရင်းသားများဆိုင်ရာအခွင့်အရေး၊ အခွင့်အလမ်းများ၊ မူဝါဒရေးရာများနှင့် ပက်သက်၍ အမြင်ဖွင့်ပေးရန်။

(ခ) ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ဘုံတူညီသောအရေးကိစ္စများကိုဖော်ထုတ်ပြီး မတူခြားနားမှုများအတွင်း စုပေါင်းဖြေရှင်းသွားကြရန်။

(ဂ) ဌာနေတိုင်းရင်းသားများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ချက်များ လက်တွေ့အကောင်အထည်ဖော်ဆောင်မှုအား ကောင်းလာစေရန်။

## ၇

## ကွန်ရက်၏ အခြေခံမူများ

(က) ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု နှင့် ဂုဏ်သိက္ခာတို့ကို အခြေခံသည်။

(ခ) ဌာနေတိုင်းရင်းသားများအားလုံးပါဝင်မှုကို အလေးထားအားပေးမည်။

(ဂ) ကွန်ရက်အမည်ကိုအသုံးပြုလိုပါက ကွန်ယက်အဖွဲ့၏ သဘောတူခွင့် ပြုချက်ဖြင့်သာ အသုံးပြုနိုင်သည်။ (ဥပမာ - ရံပုံငွေရှာခြင်း၊ အခမ်း အနားကျင်းပခြင်း၊ မီဒီယာ ဖြေကြားခြင်း၊ တစ်ခြားအဖွဲ့ အစည်းများ ဖြင့် ဆက်သွယ်ခြင်း၊)

(ဃ) ကွန်ရက်မှ ရွေးချယ်စေလွှတ်ခြင်းခံရသူသည် ကွန်ရက်ကိုသာ ကိုယ် စားပြုရမည်။

(င) ဌာနေတိုင်းရင်းသားနေရာဒေသများတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကွန်ရက်အနေဖြင့် သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်နိုင်သည်။

(စ) ဌာနေတိုင်းရင်းသားများအပေါ် ထိခိုက်သက်ရောက်စေသော အကြောင်း ကိစ္စများအတွက် လိုအပ်ပါက ကွန်ယက်အနေဖြင့် သဘောထားထုတ် ပြန်ခြင်းနှင့် အားပေးထောက်ခံမှုများ ဆောင်ရွက်နိုင်သည်။

# ၈

## ကွန်ရက်၏ စည်းမျဉ်းစည်းကမ်းများ

(က) ကွန်ရက်အဖွဲ့အစည်းများအနေဖြင့် မိမိအဖွဲ့အစည်း၏ ဆန္ဒနှင့် သဘောထားကို ကိုယ်စားပြုနိုင်သူကိုသာ တာဝန်ခံအဖြစ် သတ်မှတ်ပေးရမည်။

(ခ) ကွန်ရက်အစည်းအဝေးသို့ တာဝန်ခံမတက်ရောက်နိုင်ပါက ဆွေးနွေးဆုံးဖြတ်နိုင်သူ ကိုသာ ကိုယ်စားလှယ်အဖြစ်စေလွှတ်ရမည်။

(ဂ) ကွန်ရက်အမည်ကို အလွဲသုံးစားပြုလုပ်လျှင် ပြုလုပ်သူနှင့် ၎င်း၏ အဖွဲ့အစည်းကသာ တာဝန်ယူဖြေရှင်းရမည်။

(ဃ) ကွန်ရက်မှကိုယ်စားပြုတက်ရောက်ရန် ရွေးချယ်ခံရသောသူများသည် ကွန်ရက်အတွင်းတွင် အစီရင်ခံစာကို မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်စင်တာသို့ ပို့ပေးရမည်။ (ကွန်ရက်မှ ချမှတ်ထားသောပုံစံတွင် ဖြည့်စွက်ပို့ပေးရန်)

(ဃ) အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးပျက်ကွက်မည်ဆိုပါက ကြိုတင်အကြောင်း ကြားရမည်။


(စ) အစည်းအဝေးတက်ရောက်ရန်ပျက်ကွက်ပါက အစည်းအဝေးဆုံးဖြတ်ချက်များကို လက်ခံရမည်။

(ဆ) အဖွဲ့ဝင် အဖွဲ့အစည်းများ၏ တာဝန်နှင့် ဝတ္တရားများ လိုက်နာဆောင်ရွက်ခြင်းမရှိပါက အဖွဲ့ဝင်ဖြစ်ခြင်းကို ပြန်လည်စဉ်းစား သုံးသပ်မည်ဖြစ်သည်။

## ၉

## ကွန်ရက်၏ ဖွဲ့စည်းပုံ

မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်ကို ကွန်ရက်ချိတ်ဆက်လုပ်ဆောင်မှုလွယ်ကူ ချောမွေ့စေရန် အောက်ပါအတိုင်းဖွဲ့စည်းထားပါသည်။




## ၁၀

## မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများ ကွန်ရက်အဖွဲ့ဝင်အဖြစ်လျှောက်ထားခြင်း

(က) ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများ၏ စံသတ်မှတ်ချက်များ

မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းအား လူမျိုးစုကိုအခြေခံသော စုဖွဲ့မှုဖြင့်ပါဝင်ခြင်း၊ လူမှုအဖွဲ့

အစည်းများအဖြစ် ပါဝင်ခြင်းဖြင့် အခြေခံမည်ဖြစ်သည်။ နယ်မြေအလိုက်တွင် ရုံးခွဲများအဖြစ် ဖွင့်လှစ်ထားခြင်း၊ ကွန်ရက် တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ခြင်းများမှ အဖွဲ့ဝင်ဖြစ်ရန် တောင်းဆိုလာပါက ဦးဆောင်အဖွဲ့ (သို့) ဗဟိုအဖွဲ့၏ ပါဝင်ခြင်းကိုသာ အခြေခံစဉ်းစားရမည်ဖြစ်သည်။

*၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဖွဲ့စည်းပုံအခြေခံတွင် ပါရှိသော တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ရမည့်အပြင် ဌာနေတိုင်းရင်းသားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိပြီး ဌာနေတိုင်းရင်းသားအရေးများကို ကိုယ်စားပြုလှုပ်ရှားနေသော အဖွဲ့အစည်း သို့မဟုတ် အစုအဖွဲ့ဖြစ်ရမည်။*

*၂။ ကွန်ရက်တွင် မတူကွဲပြားသော တိုင်းရင်းသားများနှင့် ချိတ်ဆက်ထားသည့်အတိုင်း အဖွဲ့ဝင်ဌာနေတိုင်းရင်းသားအချင်းချင်း လေးစားမှုပေးနိုင်သော အဖွဲ့ အစည်းနှင့် အစုအဖွဲ့များဖြစ်ရမည်။*

*၃။ ကွန်ရက်၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက် ဖြစ်မြောက်အောင်မြင်ရန်အတွက် တက်ကြွစွာပါဝင်ဆောင်ရွက်လိုသော အဖွဲ့အစည်း၊ အစုအဖွဲ့ဖြစ်ရမည်။*

*၄။ မည်သည့်နိုင်ငံရေးပါတီ၏ လက်အောက်ခံအဖွဲ့အစည်းမဖြစ်စေရ။ ထို့အပြင် အခြားသောတိုင်းတစ်ပါး ဩဇာလွှမ်းမိုးခြင်းဖြင့်လှုပ်ရှားနေသည့် အဖွဲ့အစည်းများကို လက်ခံဆောင်ရွက်သည့် အဖွဲ့အစည်းများမဖြစ်စေရ။ ဘာသာရေးကိုအခြေခံသော အဖွဲ့အစည်းများ သို့မဟုတ် အစုအဖွဲ့များကို မိတ်ဖက်အဖြစ်သာ ဆောင်ရွက်မည်။*

*၅။ နိုင်ငံအဆင့် ဖွဲ့စည်းထားသောအဖွဲ့အစည်း၊ ကွန်ရက်များမှ အဖွဲ့ဝင်ဖြစ်လိုပါက ဗဟိုအဆင့်/အဖွဲ့ချုပ်ဖြစ်မှသာ အဖွဲ့ဝင်အဖြစ် သတ်မှတ်နိုင်သည်။ သို့သော် နိုင်ငံအဆင့်ဖွဲ့စည်းထားသော အဖွဲ့အစည်း၊ ကွန်ရက်များ၏ ဒေသအခြေပြုများမှ အဖွဲ့ဝင်အဖြစ် လျှောက်ထားလာပါကမိတ်ဖက်အဖွဲ့အစည်းအနေဖြင့် သတ်မှတ်ဆောင်ရွက်မည်ဖြစ်သည်။*

(ခ) အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းနှင့် စိစစ်ရွေးချယ်ပုံအဆင့်ဆင့်

၁။ အဖွဲ့ဝင်ဖြစ်ရေးအတွက် လျှောက်ထားသောအဖွဲ့အစည်းများကို ပထမဆုံး ညှိနှိုင်းရေးအဖွဲ့ကစိစစ်၍ အလုပ်အမှုဆောင်ကော်မတီ ကသုံးသပ်ကာ နှစ်ပတ်လည်အစည်းအဝေးက ဆုံးဖြတ်ရမည်။

(ဂ) အဖွဲ့ဝင် အဖွဲ့အစည်းများ၏တာဝန်နှင့်ဝတ္တရားများ

၁။ ကွန်ရက်မှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လေးစား လိုက်နာရမည်။

၂။ ကွန်ရက်မှ ချမှတ်ဆောင်ရွက်ထားသော လုပ်ငန်းစဉ်များကို လေး စားလိုက်နာ အကောင်အထည်ဖော်ရမည်။

၃။ ကွန်ရက်၏ ပုံမှန်အစည်းအဝေးများကို ပုံမှန်တက်ရောက်ရမည်။

၄။ မိမိအဖွဲ့အစည်း၊ အစုအဖွဲ့တို့၏ ဌာနေတိုင်းရင်းသားအရေး ဆောင်ရွက်ချက်များကို ကွန်ရက်အစည်းအဝေးတိုင်းတွင် တင်ပြ ဆွေးနွေးနိုင်ရမည်။ (ကွန်ရက်မှ ချမှတ်ထားသော ပုံစံတွင် ဖြည့်စွက် ပို့ပေးရန်)

၅။ ဌာနေတိုင်းရင်းသားများ၏ ဒေသတွင်းအခြေအနေ အဖြစ်အပျက် များကို (၃)လတွင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။ (ကွန်ရက်မှ ချမှတ်ထားသော ပုံစံတွင် ဖြည့်စွက်ပို့ပေးရန်)

၆။ အဖွဲ့ဝင်အဖွဲ့အစည်းများအနေဖြင့် ကွန်ရက်၏ ခွင့်ပြုချက်ဖြင့်သာ ကွန်ရက်၏ အမည်ကို အသုံးပြုရမည်။

၇။ ဌာနေတိုင်းရင်းသားများကွန်ရက်မှ သတ်မှတ်ထားသော အဖွဲ့ဝင် ကြေး၊ နှစ်စဉ်ကြေးများကို ထည့်ဝင်ပေးရမည်။

(ဃ) အဖွဲ့ဝင်ကြေးသတ်မှတ်ခြင်း

၁။ မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်သို့ အဖွဲ့ဝင်လိုက်ပါက တစ်ဦးချင်း ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ အဖွဲ့ဝင်ကြေး တစ် သောင်း (၁၀၀၀၀) ပေးသွင်းရမည်။

၂။ လစဉ်အဖွဲ့ဝင်ကြေးအနေဖြင့် အဖွဲ့အစည်းကိုအဆင့်သုံးမျိုးဖြင့် သတ်မှတ်ထားသည်။ ပထမအဆင့်မှာ နိုင်ငံအဆင့်ဖြင့်လှုပ်ရှားနေ

သောအဖွဲ့အစည်းကို တစ်လလျှင် တစ်သောင်းခွဲကျပ်(၁၅၀၀၀) ပေးသွင်းရမည်။ ဒုတိယအဆင့်မှာ တိုင်း၊ ပြည်နယ် အဆင့်ဖြင့် လှုပ်ရှားနေသောအဖွဲ့အစည်းများကို တစ်လလျှင် ငါးထောင်ကျပ် (၅၀၀၀) ပေးသွင်းရမည်။ တတိယအဆင့်မှာ မြို့နယ်အဆင့်ဖြင့် လုပ်ရှားနေသောအဖွဲ့အစည်း များကို တစ်လလျှင် တစ်ထောင်ကျပ် (၁၀၀၀) ပေးသွင်းရမည်။

(င) အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အခွင့်အရေးများ

၁။ ပြည်တွင်းပြည်ပရှိ ဌာနေတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး လေ့လာခွင့်၊ အလုပ်သင်အခွင့်အလမ်းများနှင့် စွမ်းဆောင်ရည်မြှင့် တင်ခြင်း အစီအစဉ်များအပြင် ကွန်ရက်အားဖိတ်ကြားလာသော အစည်းအဝေး၊ အခမ်းအနားများ ပါဝင်တက်ရောက်ခွင့် ရရှိမည် ဖြစ်သည်။

၂။ ကွန်ရက်အဖွဲ့တွင် ဆွေးနွေးပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်၊ မဲပေးပိုင်ခွင့် နှင့် ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်များအား ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ပါဝင်ခွင့်ရှိသည်။

(င) အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း

၁။ ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းမှ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် လျှောက်ထားတင်ပြလျှင်သော်လည်းကောင်း။

၂။ ကွန်ရက်အဖွဲ့၏ ပုံမှန်အစည်းအဝေးများကို အကြောင်းမဲ့(၃)ကြိမ် ဆက်တိုက် ပျက်ကွက်လျှင်သော်လည်းကောင်း။

၃။ ကွန်ရက်အဖွဲ့ဝင်၏ လုပ်ဆောင်ချက်များနှင့် လှုပ်ရှားမှုများသည် ကွန်ရက်၏ ရည်မှန်းချက် စံတန်ဖိုးထားချက်များ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကွဲလွဲဆန့်ကျင်သော်လည်းကောင်း အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန်လိုအပ်လျှင် အလုပ်အမှုဆောင်ကော်မတီမှ စစ်ဆေးစိစစ်ပြီး သုံးသပ်ချက်ဖြင့် ကွန်ရက်၏ဦးဆောင်အဖွဲ့သို့ တင်ပြ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

# ၁၁

## ကွန်ရက်ဦးဆောင်အဖွဲ့

ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ မိမိအဖွဲ့အစည်း၏ ဆန္ဒနှင့် သဘောထားကို ကိုယ်စားပြုနိုင်ရန်စေလွှတ်သည့် တာဝန်ခံများဖြင့် ဖွဲ့စည်းသည်။

(က) တာဝန်ဝတ္တရားများ

၁။ ကွန်ရက်ဦးဆောင်အဖွဲ့၏ အစည်းဝေးကို မပျက်မကွက် တက်ရောက်နိုင်သူဖြစ်ရမည်။

၂။ လိုအပ်ပါက အရေးပေါ် အစည်းအဝေးများကိုလည်း တက်ရောက်ရမည်။

၃။ အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးပျက်ကွက်မည်ဆိုပါက ကြိုတင် အကြောင်းကြားရမည်။

၄။ ကွန်ရက်အဖွဲ့ဝင်အသစ်များရွေးချယ်ရာတွင် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုပေးရမည်။

၅။ ကွန်ရက်၏ လုပ်ဆောင်ချက်များကို ကွန်ရက်အစည်းအဝေးတွင် အစီရင်ခံစာ တင်ပြရမည်။

၆။ ကွန်ရက်အမည်ဖြင့်ကိုယ်စားပြုရန် အလုပ်အမှုဆောင်အဖွဲ့မှ ရွေးချယ်စေလွှတ်ခြင်းခံရသူသည် ကွန်ရက်ကိုသာကိုယ်စားပြုရမည်။

၇။ ကွန်ရက်အမည်ဖြင့် နိုင်ငံအတွင်းဖြစ်စေ၊ နိုင်ငံတကာတွင်းဖြစ်စေ တက်ရောက်ခဲ့သည့် အစည်းအဝေးလှုပ်ရှားမှုများရှိပါက တက်ရောက်ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ပြန်လည်အစီရင်ခံရမည်။

၈။ အဖွဲ့ဝင်များအတွင်း ပဋိပက္ခမဖြစ်စေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရမည်။

၁၂

## ကွန်ရက်အလုပ်အမှုဆောင်ကော်မတီ

(က) အလုပ်အမှုဆောင်ကော်မတီ၏ စံသတ်မှတ်ချက်များ

၁။ ကွန်ရက်အဖွဲ့ဝင် ဌာနေတိုင်းရင်းသားဖြစ်ရမည်။

၂။ ဌာနေတိုင်းရင်းသားများ၏ အရေးကို သိရှိနားလည်သူဖြစ်ပြီး ကွန်ရက်အတွင်း အနည်းဆုံး(၁)နှစ် ပါဝင်ခဲ့သည့် အဖွဲ့အစည်းမှ ကိုယ်စားလှယ်ဖြစ်ရမည်။

၃။ ကွန်ရက်၏ လုပ်ငန်းတာဝန်များကို အချိန်ပေးနိုင်သူဖြစ်ရမည်။

၄။ ပြည်တွင်း၊ ပြည်ပများတွင် ကွန်ရက်လုပ်ငန်းများကို ကိုယ်စားပြု တာဝန်ယူ ပေးနိုင်သူဖြစ်ရမည်။

၅။ အလုပ်အမှုဆောင်ကော်မတီဝင်၏ သက်တမ်း(၂)နှစ်ဖြစ်ရမည်။ အလုပ်အမှုဆောင်ကော်မတီတစ်ဦးသည် သက်တမ်းနှစ်ကြိမ်အထိသာ ရွေးချယ်ခံခွင့်ရှိသည်။

(ခ) အလုပ်အမှုဆောင်ကော်မတီ၏ ရွေးချယ်ပုံ

၁။ အလုပ်အမှုဆောင်ကော်မတီကို (၅) ဦးဖြင့် ဖွဲ့စည်းရမည်။

၂။ အလုပ်အမှုဆောင်ကော်မတီကို ကွန်ရက်အဖွဲ့ဝင်ထဲမှ ကွန်ရက်အဖွဲ့ဝင်များက မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ဂ) အလုပ်အမှုဆောင်ကော်အတီ၏ တာဝန်နှင့် ဝတ္တရားများ

၁။ အလုပ်အမှုဆောင် ကော်မတီအစည်းအဝေးများကို ပုံမှန်တက်ရောက်ရမည်။

၂။ ကွန်ရက်မှချမှတ်ထားသည့် မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းများကို အကောင်အထည်ဖော်ရန်တာဝန်ယူရမည်။

၃။ အလုပ်အမှုဆောင်ကော်မတီသည် ကွန်ယက်အဖွဲ့ဝင် အထွေထွေညီလာခံကို တာဝန်ခံရမည်။

၄။ အလုပ်အမှုဆောင်ကော်မတီက ညှိနှိုင်းရေးအဖွဲ့ကို ကြီးကြပ်ပေးရမည်။

၅။ ညှိနှိုင်းရေးအဖွဲ့မှ တင်ပြလာသည့် ကွန်ရက်အဖွဲ့ဝင် လျှောက်လွှာကို အလုပ် အမှုဆောင်ကော်မတီကစိစစ်ပြီး အထွေထွေညီလာခံသို့ တင်ပြရမည်။

၆။ ကွန်ရက်၏လုပ်ငန်းစဉ်များအတွက် လိုအပ်သောရံပုံငွေများကို အလုပ်အမှုဆောင်ကော်မတီမှ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ လိုအပ်လာပါက ကွန်ယက်အတွက် သီးသန့်ရံပုံငွေရှာဖွေရမည်။

## ၁၃

## ကွန်ရက်ဦးဆောင်အဖွဲ့

(က) စံသတ်မှတ်ချက်

၁။ မြန်မာနိုင်ငံအတွင်းနေထိုင်သည့် ဌာနေတိုင်းရင်းသား/သူများ ဖြစ်ရမည်။

၂။ ကွန်ရက် အဖွဲ့ဝင်အဖွဲ့အစည်းထဲတွင် ပါဝင်လှုပ်ရှားဖူးသူများ ဖြစ်ရမည်။

၃။ တာဝန်ယူရမည့်အပိုင်းတွင် သတ်မှတ်သည့် အရည်အချင်း အတွေ့အကြုံ ပြည့်ဝသူများဖြစ်ရမည်။

(ခ) တာဝန်

၁။ ကွန်ရက်၏ ရည်မှန်းချက်ပြည့်ဝရန်အတွက် အလုပ်အမှုဆောင်

*ကော်မတီမှချမှတ်သည့် ကွန်ရက်လုပ်ငန်းဆောင်တာများ အကောင်အထည်ပေါ်လာစေရန် တာဝန်ယူဆောင်ရွက်ရမည်။*

*၂။ အလုပ်အမှုဆောင်ကော်မတီအား တာဝန်ခံရမည်။*

*၃။ ကွန်ရက်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီအကြား ချိတ်ဆက် ဆောင်ရွက်မှုများပြုလုပ်ပေးရမည်။*

(ဂ) ရွေးချယ်ပုံ

*၁။ ကွန်ရက်၏ အလုပ်အမှုဆောင်ကော်မတီဆုံးဖြတ်ချက်ဖြင့် အလုပ်လျှောက် လွှာများခေါ်ယူပြီး ရွေးချယ်ခန့်အပ်သွားမည်ဖြစ်သည်။*

*၂။ သက်ဆိုင်ရာတာဝန်နှင့် ရာထူးအတွက် လိုအပ်သည့် လုပ်ငန်းတာဝန်(**J.D**)ကို အလုပ်အမှုဆောင်ကော်မတီမှ ရေးဆွဲရမည်။*

## ၁၄

## ကွန်ရက်၏ ဆက်သွယ်ရေးလမ်းညွှန်ချက်များ

(က) ကွန်ရက်အတွင်းရောက်ရှိလာသည့် သတင်းအချက်အလက်မှန်သမျှကို မည်သည့် ကွန်ယက်ဝင်အဖွဲ့အစည်းထံရောက်ရှိသည်ဖြစ်စေ ကွန်ယက်ညှိနှိုင်းရေးအဖွဲ့ထံ လွှဲပေးရမည်။

(ခ) ကွန်ရက်ပြင်ပအဖွဲ့အစည်းများမှဖြစ်စေ၊ ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှဖြစ်စေ ကွန်ယက်အားဖိတ်ကြားလိုပါက ကွန်ယက်၏ ညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် ဆက်သွယ်ဖိတ်ကြားရမည်။

(ဂ) ကွန်ရက်မှ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့်လှုပ်ရှားမှုများသို့ ပြင်ပမှအဖွဲ့ အစည်းများ၊ လူပုဂ္ဂိုလ်များကို ဖိတ်ကြားသည့်အခါ ကွန်ရက်အမည်ဖြင့်သာ ဖိတ်ကြားရမည်။

# ၁၅

## အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ အခြေခံမူများ

မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်သည် လွတ်လပ်ပြီး အမှီအခိုကင်းသည့်အဖွဲ့အစည်းနှင့် တိုင်းရင်းသားဒေသများမှ ကိုယ်စားပြုနိုင်သည့် အစုအဖွဲ့များဖြင့် စုစည်းလုပ်ဆောင် ထားခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်များချမှတ်ခြင်းတွင် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်၏ လမ်းညွှန်စာအုပ်အချက်များကို လေးစားလိုက်နာရမည်ဖြစ်သည်။

(က) အထွေထွေညီလာခံသည် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အမြင့်ဆုံးအစည်းအဝေးဖြစ်သည်။

(ခ) အဖွဲ့အစည်းအဖွဲ့ဝင်များ၊ လေ့လာသူများပါဝင်သော ကိုယ်စားလှယ်များဖြင့် အထွေထွေညီလာခံကို ကျင်းပရမည်။

(ဂ) အထွေထွေညီလာခံတွင် တင်းပြည့်အဖွဲ့များသာ ဆန္ဒမဲပေးခွင့်ရှိသည်။ လေ့လာသူများနှင့် ဤညီလာခံမှလက်ခံသော အဖွဲ့ဝင်သစ်များမှာ မဲပေးခွင့်မရှိပါ။

(ဃ) အလုပ်အမှုဆောင်ကော်မတီသည် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်၏ အထွေထွေညီလာခံမှ ချမှတ်ထားသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ပေးရမည့်ဖြစ်ပြီးချမှတ်ထားသော မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

(င) အလုပ်အမှုဆောင်ကော်မတီသည် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ရက်၏ အထွေထွေညီလာခံမှ ချမှတ်ထားသည့် မူဝါဒများကို လေးစားလိုက်နာပြီး ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(စ) အထွေထွေညီလာခံမှ အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ရမည်။

*၁။ အဖွဲ့ဝင်သစ်များကို လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အတည်ပြုခြင်း ပြုလုပ်ရမည်။*

*၂။ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းကို ဆုံးဖြတ်ရမည်။*

*၃။ ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရန် မဟာဗျူဟာကို ချမှတ်ရမည်။*

*၄။ ကွန်ရက်၏ အလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက်ရမည်။*

*၅။ ကွန်ရက်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ငွေစာရင်းအစီရင်ခံစာများကို အတည်ပြုရမည်။*

---

## ၁၆

## ကွန်ရက်၏ ဆက်သွယ်ရေးလမ်းညွှန်ချက်များ

(က) ကွန်ရက်၏အရေးအရာများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းပါဝင်ဆောင် ရွက်ရန်ဖိတ်ခေါ်သည့် အစီအစဉ်များ၊ ပွဲတော်များ၊ ဥပဒေရေးရာ၊ မူဝါဒရေးရာဆိုင်ရာများ ကိစ္စရပ်များဖြစ်ပါက ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့မှ တက်ရောက်ပါဝင်ပေးရမည်ဖြစ်သည်။

(ခ) ကွန်ရက်အား အခြားသောအဖွဲ့အစည်းများ၊ မိတ်ဖက်များက ဖိတ်ခေါ်ပါက ညှိနှိုင်းရေးမှူးမှ ဖြန့်ဝေပေးပြီး တက်ရောက်သူများကိုအတည်ပြုဆောင်ရွက်ပေးခြင်းကို လုပ်ဆောင်ပေးရမည်ဖြစ်သည်။ (တက်ရောက်သူများမှ မိမိ၏ မိခင်အဖွဲ့အစည်းအမည်နာမဖြင့် တက်ရောက်နိုင်သည်)

(ဂ) ကွန်ရက်၏ အမည်နာမအဖြစ်ဖိတ်ခေါ်ပြီး မူဝါဒရေးရာနှင့် သက်ဆိုင်ပါက ညှိနှိုင်းရေးမှူးမှ ကိုယ်တိုင်တက်ရောက်ရမည့်အပြင် အလုပ်အမှုဆောင်ကော်မတီမှ တက်ရောက်နိုင်မည့်သူများကို ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

(ဃ) ဌာနေတိုင်းရင်းသားများအရေးအရာများနှင့် တိုက်ရိုက်ဆက်စပ်သည့် မူဝါဒရေးရာ၊ ဥပဒေရေးရာများနှင့် တိုက်ရိုက်ဆက်စပ်သည့်အကြောင်းအရာများဖြစ်လာပါက အလုပ်အမှုဆောင်ကော်မတီမှ မူဝါဒရေးရာများကို တာဝန်ယူဆောင်ရွက်သူများမှဖြစ်မနေ တက်ရောက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

(င) ပြည်တွင်းနှင့်နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်လာပါက ဖိတ်ခေါ်သည့်အကြောင်းအရာ၊ သတ်မှတ်သောစံချိန်စံညွှန်းများဖြင့် ကိုက်ညီသောအလုပ်အမှုဆောင် ကော်မတီ သို့မဟုတ် အလုပ်အမှုဆောင်ကော်မတီမှ ညှိနှိုင်းရွေးချယ်သော အဖွဲ့ဝင်များ တက်ရောက်နိုင်သည်။